
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
မိစ္ဆာဖမ်းစားလူငယ်များ

# အောင်မြတ်သာနှင့်မိစ္ဆာဖမ်းစားလူငယ်များ

သီတင်းကျွတ်ရာသီ ရောက် လာပြီမို့ ကိုမျိုးတို့ ဆိုင်းအဖွဲ့တွေ မအား ရအောင် အလုပ်တွေ ဆက်နေခဲ့တယ်။ စိတ်ရင်းစေတနာ ကောင်းပြီး စေတနာပါပါ လုပ်ပေးတတ်တဲ့ အတွက် ဆိုင်းဝိုင်းငှားလိုတဲ့ သူတွေက ကိုမျိုး ဆိုင်းဝိုင်းကိုပဲ အလုအယက် ငှားရမ်းကြတယ်။

နှစ်ဆယ်ကျော် လူငယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ ဆိုင်းဝိုင်းထဲမှာ ကိုမျိုး က ခေါင်းဆောင်အဖြစ် တာဝန်ယူထား ရတယ်။ အခုလည်း စိန်တစ်လုံး ရွာ ရှင်ပြု အလှူပြီးလို့ ဆိုင်းဝိုင်း ပစ္စည်းတွေ သိမ်းဆည်းပြီး နောက်ထပ်ပွဲငှား ထားတဲ့ ပဇင်းရွာဘက်ကို သွားဖို့ တာဆူနေကြတယ်။

"အောင်ကြီးရေ ပစ္စည်းတွေ သေချာစစ်ကြည့်ဦး "

" အေးပါဟ ငါသေချာစစ်ပြီးပြီ၊ အားလုံးစုံနေပြီ၊ ဆိုင်းဝိုင်းကားလာ ရင် ဆက်ထွက်လို့ ရပြီ"

"အေးအေး ဆိုင်းဝိုင်းကားကလည်း အခုထိ မရောက်သေးဘူး၊ ပ ဇင်းရွာမှာ က ညဘက်နတ်ပွဲ လုပ်မှာ ဆိုတော့ ပစ္စည်းတွေပြန်ဆင်ဖို့ အချိန်မမှီမှာ စိုးရိမ်မိတယ်"

ကိုမျိုးက ပြောလက်စ စကားအပြီးမှာ ဖက်ကြမ်းဆေးလိပ်ကို ဖွာ ကာ ကားလာမဲ့ ဘက်ကို ငေးကြည့် နေလိုက်တယ်။ မကြာခင် ဖုန်တစ် ထောင်းထောင်း ထအောင် မောင်းလာတဲ့ ဆိုင်းဝိုင်းကားကို မြင်လိုက်ရ

တယ်။

"အဖွဲ့သားတွေ ကား လာပြီဟေ့ ပစ္စည်းတွေစုံအောင် တင်ကြဦး"

ကိုမျိုးက လှမ်းအော်ပြီး ပတ်မတစ်ခုကို ကားပေါ် ကောက်တင်လိုက်တယ်။ တစ်နာရီလောက် ကြာတော့ ကားပေါ်မှာ ဆိုင်းဝိုင်းပစ္စည်းတွေ နေရာ ချပြီးသလောက် ဖြစ်သွားတယ်။

"လူတွေ အပေါ်တက်ကြတော့ အောင်ကြီး မင်းလည်း အနောက်က တွယ်မလိုက်နဲ့ အပေါ်ကပဲတက်ထိုင်"

"အေးပါကွာ ကားက ထွက်လို့ မရသေးဘူး၊ လူတစ်ယောက် လိုနေသေးတယ်"

အောင်ကြီး စကားကြောင့် ကိုမျိုး လူတွေကို လိုက်ကြည့်ပြီး ...

"လှဆွေ ကျန်နေတာလား "

"အေး ဟုတ်တယ်၊ ခုနက ရွာထဲ ခဏသွားမယ်ဆိုပြီး ထွက်သွားတယ် "

ကိုမျိုးလည်း မန်ကျီးပင်အောက်မှာ ဖိနပ်ကို ခုထိုင်လိုက်ပြီး လှဆွေကို စောင့်နေလိုက်တယ်။ ခဏကြာတော့ ကျွတ်ကျွတ်အိတ် အမဲထုပ်လေးကို ဆွဲပြီး လှဆွေ ပြန်လာတာကို မြင်လိုက်ရတယ်။

"လှဆွေ လက်ထဲက ဘာအထုပ်ကြီးလဲ"

"လမ်းမှာ နည်းနည်းပါးပါး သောက်လို့ ရအောင် ပါဆယ်ဆွဲလာတာ "

"ဟာဗျာ ခင်ဗျားနဲ့ တော့ ခက်တာပဲ၊ အခုသွားမယ့် ပဇင်းရွာကို ရောက်ဖို့ ကုလားမတောင်ကို ဖြတ်ရမယ်။ ကုလားမတောင်က နတ်ကြီး

တယ်ဗျ၊ အမှားလုပ်တာနဲ့ အားလုံး ဒုက္ခရောက်မှာ ခင်ဗျားလည်း သိသိကြီးဗျာ"

ကိုမျိုးရဲ့ စကားကြောင့် ကားပေါ်မှာ ထိုင်နေကြတဲ့ ဆိုင်းအဖွဲ့သားတွေက လှဆွေကို လှမ်းကြည့်လိုက်တယ်။

"အေးပါ ငမျိုးရာ ကုလားမတောင် မရောက်ခင် ဒါကကုန်ပါပြီ၊ နည်းနည်းလေးပဲ ဟာကို ဟိုကောင်တွေ ကားပေါ်တက်တော့၊ လင်ကွင်းတီးတဲ့ မြင့်စန်း မင်းမတက်သေးဘဲ ဘာလုပ်နေတာလဲ"

လှဆွေက ငမျိုးကို ရှောင်ထွက်ပြီး ကားနားမှာ ရစ်သီရစ်သီ လုပ်နေတဲ့ ကလေးတွေကို လှမ်းဟောက် လိုက်တယ်။

ခဏကြာတော့ ကိုမျိုးတို့ ဆိုင်းကားက ပဇင်းရွာဘက်ကို ထွက်သွားခဲ့ကြတယ်။ တစ်နာရီလောက် မောင်းပြီးတဲ့ အချိန် ...

"လှဆွေ မင်းလက်ကျန်ဖြတ်ပြီးပြီလား"

" ကုန်ပြီ မရှိတော့ဘူး အိတ်ကိုတောင် လွှင့်ပစ်လိုက်ပြီ"

လှဆွေက ပြောပြောဆိုဆို သူ့လက်နှစ်ဖက်ကို ခါပြလိုက်တယ်။ ကိုမျိုးက အရက် မရှိတော့တဲ့ အတွက် ဘာမှ ဆက်မပြောတော့ဘဲ ဆိုင်းပစ္စည်းတွေ လိမ့်မကျအောင် ထိန်းထားတဲ့ ကြိုးကို ကိုင်ထားလိုက်တယ်။

ဒါပေမယ့် လှဆွေရဲ့ အင်္ကျီအိတ်ကပ်ထဲမှာ အမဲခြောက်ကြော် တစ်ဖတ် ကျန်နေတာကိုတော့ လှဆွေရော ကိုမျိုးရော သတိမထား မိခဲ့ကြဘူး ။

ကုလားမတောင်က နတ်ကြီးတယ်၊ ကြမ်းတယ်ဆိုတာ ပဇင်းရွာတစ်ခုလုံးက လက်ခံထားကြတယ်။ ကုလားမတောင်လို့ ခေါ်ရတဲ့ အကြောင်းက အိန္ဒိယနိုင်ငံမှာ ညီအစ်ကိုချင်း နန်းလုပြီး အစ်ကိုဖြစ်သူ

ကို ညီဖြစ်သူက သတ်ခဲ့တယ်။ အစ်ကိုဖြစ်သူရဲ့ မိန်းမက နောက်လိုက် အနည်းငယ်နဲ့ မြန်မာနိုင်ငံ ဘက်ကို ထွက်ပြေးလာရင်း အခု ကုလားမ တောင်လို့ ခေါ်တွင် ရမယ့် နေရာမှာ ခိုအောင်းနေခဲ့တယ်။ ဒါကို ညီဖြစ်သူက သိတော့ လက်ရွေးစင် ကိုယ်ရံတော်တွေကို လွှတ်ပြီး လက်စ ဖျောက်ခိုင်းခဲ့တယ်။ နောက်ဆုံးမှာ ပုန်းနေတဲ့ ကုလား မင်းသမီးကို တွေ့ပြီး သတ်လိုက်ကြတယ်။ အဲဒီအချိန်က စပြီး ကုလားမတောင်လို့ ခေါ်ခဲ့ကြတယ်။ တောင်ပေါ် ထင်းရှာမှို ရှာကြတဲ့ ဒေသခံတွေကတော့ တောင်ပေါ်တက်ရင် အရက်၊အမဲသား၊ဝက်သားတွေ မယူသွားကြဘူး။ ယူသွားရင် တစ်ခုမဟုတ်တစ်ခု ဖြစ်ကြရတယ်။

"ကုလားမတောင်ပေါ် စတက်ပြီးဟေ့ လက်ရန်းတွေကိုကိုင်ထားကြ "

ကားသမားရဲ့ အော်သံကြောင့် ဒီအကြောင်းကို စဉ်းစားနေတဲ့ ကိုမျိုး သတိပြန်ဝင်လာတယ်။

"အားလုံး သေချာကိုင်ထားကြ၊ ကားက ဂီယာကြီးနဲ့ တက်ရမှာ ၊ ကျော်တင့်က ဂျမ်းတုံးကို အသင့်ပြင်ထား ဂီယာမနိုင်ရင် ဆင်းခု ကြားလား"

" ဟုတ်ကဲ့ ကိုမျိုး"

ကားက တစ်အိအိနဲ့ ကုလားမ တောင်ပေါ်ကို တက်လာခဲ့တယ်။ တောင်က အကွေ့အကောက် မများ ပေမဲ့ အတော်မတ်တယ်။ ကုလားမ ရေချိုးတဲ့ လျှိုနေရာ ရောက်တော့ ကားက ရုတ်တရက် ခါရမ်းသွားတယ် ။

"ကားဘီးပေါက်ပြီ ထင်တယ်၊ သေချာကိုင်ထားကြ"

ကားသမားရဲ့ အော်သံအဆုံးမှာ ကိုမျိုး ခေါင်းတစ်ခုလုံး ချာချာလည်သွားပြီး ဦးခေါင်းနဲ့ တစ်ခုခု ဆောင့်မိတာကို နောက်ဆုံးသိလိုက်ရကာ လောကကြီးနဲ့ ခဏ အဆက်အသွယ် ပြတ်သွားခဲ့တယ်။

***